❖ နိုင်ငံတော် ချွေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဦးညိုစော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၃**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆)အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး(၁)ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ အတွင်းရေးမှူး(၂)စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌက အစိုးရသစ်ကာလအတွင်း နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတက မှာကြားလမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့်

စာမျက်နှာ ၁၄ သို့ *



ဒုတိယသမ္မတ ဦးညိုစော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



## ဂျပန်နိုင်ငံတွင် ကျင်းပမည့် U12 Junior Soccer World Challenge 2026 ပြိုင်ပွဲဝင်ရန် မြန်မာ ယူ-၁၂ အသင်းအတွက် ကစားသမားရွေးချယ်ပွဲ မည်သူမဆို လာရောက်ရွေးချယ်ခံနိုင်

**ရန်ကုန် ဇူလိုင် ၃**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် နှစ်စဉ်ကျင်းပနေသည့် U12 Junior Soccer World Challenge 2026 ပြိုင်ပွဲသို့ မြန်မာယူ-၁၂ အသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်များ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံ ရရှိစေရန် ၂၀၂၃ ခုနှစ်မှ စတင်ကာ အဆိုပါ ပြိုင်ပွဲအား နှစ်စဉ်သွားရောက် ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်ပြိုင်ပွဲသည် စတုတ္ထအကြိမ်မြောက် သွားရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါသည်။

ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၂ ကစားသမားရွေးချယ်ပွဲအား ရန်ကုန်အမျိုးသားဘောလုံးအကယ်ဒမီနှင့် မန္တလေး မြန်မာဘောလုံးအကယ်ဒမီတွင် ဇူလိုင် ၁၁၊ ၁၂ ရက်များ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ယူ-၁၂ ကစားသမား ရွေးချယ်ပွဲအား နိုင်ငံတစ်ဝန်းမှ အသက်မီသည့် မည်သည့် လူငယ်ကစားသမားမဆို လာရောက်ရွေးချယ်ခံနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အကူအညီဖြင့် FIFA-MFF TDS Scouting Tour 2026 လူငယ်ကစားသမားများ ရွေးချယ်ပွဲကို ပြီးခဲ့သည့် ဧပြီနှင့် မေလများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ နိုင်ငံတစ်ဝန်းကျင်းပခဲ့ပြီး အကယ်ဒမီကျောင်းများအတွက် ယူ-၁၁/၁၂၊ ယူ-၁၃၊ ယူ-၁၄၊ ယူ-၁၅ ကစားသမားများအား ရွေးချယ်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် မြန်မာ ယူ-၁၂ အသင်းရွေးချယ်ရန်အတွက် အထက်ပါ ကစားသမားများအပြင် နေရာဒေသအသီးသီးရှိ ကစားသမားများ ပါဝင်နိုင်ရေးအတွက် ယူ-၁၂ ကစားသမား ရွေးချယ်ပွဲကို ထပ်မံပြုလုပ်ရန် စီစဉ်ခြင်းဖြစ်သည်။

မြန်မာ-ယူ၁၂ ကစားသမားရွေးချယ်ပွဲသို့ လာရောက်ရွေးချယ်ခံမည့် လူငယ်ကစားသမားများအနေဖြင့် အောက်ဖော်ပြပါ https://www.mediafire.com/file/abkupounafpqcua/U12+NT+Form_1.docx/file Link တွင် Download ရယူ စာရင်းသွင်း၍ ဇူလိုင် ၉ ရက် (ရုံးချိန်အတွင်း)နောက်ဆုံးထား ကာ ပူးတွဲပါ zarniohnkhin@mff-ma.com E-mail သို့ ပေးပို့ရမည်ဖြစ်သည်။

(NGB)

## ရန်ကုန်ယူနိုက်တက်(ယူ-၂၀) အသင်းနှင့် Falcon အသင်းတို့ ၁-၁ ဂိုးစီနှင့် ရမှတ်ခွဲယူ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနေရှင်နယ်လိဂ်(ယူ-၂၀)ပြိုင်ပွဲ (week-7) ပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက် (ယူ-၂၀) အသင်းနှင့် Falcon အသင်းတို့ ယနေ့ညနေက YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ကြပြီး တစ်ဖက်တစ်ဂိုးစီနှင့် သရေရလဒ်ထွက်ပေါ်ခဲ့ကြသည်။ Falcon အသင်းအတွက် ဇေထက်အောင်က သွင်းယူခဲ့ပြီး ရန်ကုန်လူငယ်အသင်းအတွက် ချေပဂိုးကို ကောင်းမြတ်အောင်က သွင်းယူပေးခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲချိန် ၁၃ မိနစ်တွင် ဖြိုးဝဏ္ဏစိုး ဒဏ်ရာရရှိသွားသည့်အတွက် ဆိုင်ဖုန်းနှင့် လူစားလဲလည်ခဲ့ရသည်။ ထို့နောက် ပွဲကိုဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ဂိုးမရှိသရေရလဒ်ထွက်ပေါ်နေခဲ့သည်။

ဒုတိယပိုင်းတွင် Falcon အသင်းက ပွဲချိန် ၅၆ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး ဇေထက်အောင်က သွင်းယူခဲ့သည်။ ဦးဆောင်ဂိုးပေးရပြီးနောက် ရန်ကုန်လူငယ်အသင်း ကစားအားမချဘဲ ဆက်တိုက် တိုက်စစ်ဆင် ကစားခဲ့ပြီးနောက် ချေပဂိုးပြန်လည်ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ရန်ကုန်(ယူ-၂၀) အသင်းတိုက်စစ်မှူး ကောင်းမြတ်အောင် တစ်ဖက်ဂိုးသမားဆီမှ ပြန်လွှဲထွက်လာသည့်ဘောလုံးကို ပိတ်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လက်ကျန်မိနစ်အချိန်များတွင် နှစ်သင်းစလုံး ဂိုးဆက်လက်သွင်းယူနိုင်ခြင်းမရှိသဖြင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီနှင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းသည် ၇ ပွဲကစား၊ ၅ ပွဲနိုင်၊ ၂ ပွဲသရေ၊ ရမှတ် ၁၇ မှတ်ရရှိထားပြီး အဆင့် ၁ နေရာတွင် ရပ်တည်လျက်ရှိသည်။ လာမည့် ဇူလိုင် ၁၀ ရက်နေ့ YUSC ကွင်းတွင် ရှမ်းယူနိုက်တက် (ယူ-၂၁) အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀



ကြော်ငြာအထူးကဏ္ဍ(၄)မျက်နှာ ပါရှိသည်။

